


# Exclusion Policy

# Exclusion Policy (Parents)

My Myanmar International group of schools is known for its inclusivity and has always championed diversity. One of our missions has always been the empowerment of the local community and we have done exceptionally well on that front over the years. Today, most of the heads of our key departments and branches are from among the community. This cohesion has been possible, largely due to the fact that at My Myanmar International School, every member of the school works, learns, teaches and lives through a policy of mutual respect.

As reiterated in many of our previous policies, we do not believe in dismissals or expulsions whether fixed or temporary. It is damaging to both the individual and the whole school community. The school, however, has a set standard for discipline and will not stand for any individual/s whose action/s directly or indirectly disrupt the social fabric of our school community. My Myanmar International group of schools has adopted an Exclusion Policy to ensure the security of the school community. The school has an Exclusion Policy in place for students, parents, and staff.

At My Myanmar International group of schools, we believe staff, parents, and children are entitled to a safe and protective environment in which to learn and work. Behaviour that will cause harassment, alarm, or distress to users of the premises is contrary to the aims of the school. We approach all conflicts with positivity and seek to reconcile any differences through peaceful dialogue.

At My Myanmar International group of schools we teach/lead by example and here are some of the expectations we keep from our parents:

- That adults set a good example to children at all times, showing them how to get along with all members of the school and the wider community.
- That no members of staff, parents or children are the victims of any abusive behaviour (physical/mental/verbal) or open to threats from other adults on the school premises.
- Physical attacks and threatening behaviour, abusive or insulting language verbal or written, to staff, governors, parents or children, and other users of the school premises will not be tolerated and will result in the withdrawal of permission to be on school premises.

## Guidelines:

Types of behaviour that are considered serious and unacceptable and will not be tolerated towards any member of the school community. This is not an exhaustive list but seeks to provide illustrations of such behaviour.

- Any form of intimidation and aggressive behavior such as shouting, swearing and verbal threat/blackmail/harassment either in person or over the telephone or through email or any other form of communication.

- Slander on Social Networking sites or any digital forums which could bring the school into disrepute or be deemed as bullying.
- Physically intimidating, e.g. standing very close, menacing/offensive hand gestures/exaggerated movements.
- Shaking or holding a fist towards another person.
- Any form of violent physical contact such as push, shove, slap, kick, spitting etcetera.
- Racist or sexist comments including sexual innuendo.
- A parent approaching aggressively towards another student inside the school campus or a parent aggressively approaching another parent, again inside the school campus.
- Use of social media to instigate and rally opinion against other parents/students and members of school staff.
- Use of school name to create social media groups unauthorized by the school.
- Privately hiring or seeking to hire any school staff for tuition or otherwise.

In serious cases, the school will also consider its legal options to deal with any such misuse of social networking and other sites. Additionally, and perhaps more importantly is the issue of cyberbullying and the use by one child or a parent to publicly humiliate another by inappropriate social network entry. We will take and deal with this as a serious incident of school bullying. Unacceptable behaviour may also result in the Police being informed.

On such grounds, where the behaviour of an individual seeks to:

- Mobilize the time and resources of the school needlessly
- Bring disrepute to the school
- Obstruct/Inhibit/Endanger the physical and mental wellbeing of any staff or student The school then has every right to exclude and forbid the said individual from any association with the school.

**ဖယ်ထုတ်ခြင်းဆိုင်ရာမူဝါဒ (မိဘများ)**

My Myanmar International School ကျောင်းများသည် လူတိုင်းကိုလက်ခံသည့်ပတ်ဝန်းကျင်ကိုဖန်တီးရန်နှင့် ကွဲပြားမှုများကိုလေးစားသည့်နည်းလမ်းများဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ရည်မှန်းချက်များထဲမှ တစ်ခုမှာ ဒေသတွင်းရှိလူမှုအသိုင်းအဝိုင်းကိုအားပေးကူညီရန်ဖြစ်ပြီး ယခင်နှစ်များအတွင်းထိုရည်မှန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ယခုအခါတွင် ကျွန်ုပ်တို့၏အဓိကဌာနများနှင့် ကျောင်းခွဲများ၏ ဦးဆောင်သူများသည် ဒေသတွင်းမှပင်ဖြစ်လာပါသည်။ ဤသို့စည်းလုံးညီညွတ်မှုရရှိရခြင်းမှာ My Myanmar International School တွင် ကျောင်း၏အဖွဲ့ဝင်တိုင်းသည် တစ်ဦးနှင့်တစ်ဦးလေးစားမှုဖြင့် လုပ်ကိုင်၊ သင်ယူ၊ သင်ကြား နေထိုင်ကြသောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ယခင်မူဝါဒများတွင်ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့သည်ကျောင်းသားများကို ထာဝရ (သို့မဟုတ်) ယာယီထုတ်ပယ်ခြင်းကို မည်သည့်အခါမှအားမပေးပါ။ ၎င်းသည် ကျောင်းသားတစ်ဦးချင်းစီနှင့် ကျောင်းအသိုင်းအဝိုင်း တစ်ရပ်လုံးအတွက် ထိခိုက်နစ်နာစေသည်ဟုယုံကြည်ပါသည်။ သို့သော် ကျောင်းတွင်စည်းကမ်းနှင့်ပတ်သက်သည့် စံသတ်မှတ်ချက်များရှိပြီး ကျောင်းအသိုင်းအဝိုင်း၏လူမှုရေးဖွဲ့စည်းပုံကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ထိခိုက် စေသည့်လုပ်ရပ်များကိုခွင့်မပြုပါ။ My Myanmar International School သည် ကျောင်းအသိုင်းအဝိုင်း၏လုံခြုံရေးကို အာမခံရန်အတွက် "ဖယ်ထုတ်ခြင်းဆိုင်ရာမူဝါဒ"ကို ချမှတ်ထားပါသည်။ ဤမူဝါဒသည် ကျောင်းသား/သူများ၊ မိဘများနှင့်ဝန်ထမ်းများအတွက်သက်ဆိုင်ပါသည်။

My Myanmar International School တွင် ဝန်ထမ်းများ၊ မိဘများနှင့်ကလေးများသည် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တွင် သင်ယူလုပ်ကိုင်နိုင်ရန်အခွင့်အရေးရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ကျောင်းဝင်းအတွင်း နေထိုင်သူများအား အနှောက်အယှက်ပေးခြင်း၊ ထိတ်လန့်စေခြင်း (သို့မဟုတ်) စိတ်ဆင်းရဲစေခြင်းကဲ့သို့သော အပြုအမူများသည် ကျောင်း၏ရည်မှန်းချက်များနှင့်မကိုက်ညီပါ။ ကျွန်ုပ်တို့သည် ပဋိပက္ခများကိုအပြုသဘောဆောင် စွာဖြေရှင်းပြီး ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းခြင်းဖြင့် ကွဲလွဲမှုများကိုဖြေရှင်းပါသည်။

My Myanmar International School တွင် ကျွန်ုပ်တို့သည် မိဘများထံမှ အောက်ပါအတိုင်းမျှော်လင့်ထားပါသည် -

- ❖ မိဘများသည်ကလေးများအား ကျောင်းနှင့်ပတ်ဝန်းကျင်ရှိလူတိုင်းနှင့် သဟဇာတဖြစ်စွာနေထိုင်နည်းကို စံနမူနာပြသရန်။
- ❖ ကျောင်းဝင်းအတွင်း ဝန်ထမ်းများ၊ မိဘများနှင့်ကလေးများသည် မည်သည့်အကြမ်းဖက်မှု (ရုပ်ပိုင်း/ စိတ်ပိုင်း /နှုတ်ဖြင့်) (သို့မဟုတ်) ခြိမ်းခြောက်မှုများကို မခံစားရစေရေးအတွက်ပါဝင်ကူညီဆောင်ရွက်ရန်။
- ❖ ကျောင်းဝင်းအတွင်း အုပ်ချုပ်သူများ၊ ဝန်ထမ်းများ၊ မိဘများ၊ ကလေးများနှင့် အခြားနေထိုင်သူများအား ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှု၊ ခြိမ်းခြောက်မှု၊ နှုတ်ဖြင့် (သို့မဟုတ်) စာ(အီးမေးလ်)ဖြင့် စော်ကားမှုများကို ခွင့်မပြုပါ။ ထိုသို့သောအပြုအမူများအတွက် ကျောင်းဝင်းအတွင်းဝင်ရောက်ခွင့်ကိုရုပ်သိမ်းပါမည်။

MY MYANMAR INTERNATIONAL SCHOOL
"WHERE EVERY CHILD SUCCEEDS"

**လမ်းညွှန်ချက်များ**

အောက်ပါအပြုအမူများသည် ပြင်းထန်ပြီးလက်မခံနိုင်သောအပြုအမူများဖြစ်ပြီး ကျောင်းအသိုင်းအဝိုင်းအတွင်း မည်သူကိုမှပြုမူခြင်းကိုခွင့်မပြုပါ။ အောက်ဖော်ပြပါအချက်များသည် အပြည့်အစုံမဟုတ်သော်လည်း ထိုသို့သော အပြုအမူများကို ဥပမာများဖြင့်ဖော်ပြထားပါသည်။

- ❖ လူကိုယ်တိုင်၊ ဖုန်း၊ အီးမေးလ် (သို့မဟုတ်) အခြားဆက်သွယ်ရေးနည်းလမ်းများဖြင့် အော်ဟစ်ခြင်း၊ ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း စသည့်ခြိမ်းခြောက်မှုနှင့်အကြမ်းဖက်မှုများ။
- ❖ လူမှုကွန်ရက်စာမျက်နှာများ (သို့မဟုတ်) ဒီဂျစ်တယ်ဖိုရမ်များတွင် ကျောင်း၏ဂုဏ်သိက္ခာကိုထိခိုက်စေသည့် (သို့မဟုတ်) အနိုင်ကျင့်မှုဟုသတ်မှတ်နိုင်သည့် စွပ်စွဲချက်များပြုလုပ်ခြင်း။
- ❖ ရုပ်ပိုင်းဆိုင်ရာခြိမ်းခြောက်မှုများ (ဥပမာ - အလွန်နီးကပ်စွာရပ်နေခြင်း၊ ခြိမ်းခြောက်သည့်လက်ဟန်များ၊ လွန်ကဲသောလှုပ်ရှားမှုများ)။
- ❖ တစ်စုံတစ်ဦးအားလက်သီးဖြင့်ခြိမ်းခြောက်ခြင်း (သို့မဟုတ်) လက်သီးဆုပ်ကိုင်ထားခြင်း။
- ❖ တွန်းခြင်း၊ ဆွဲခြင်း၊ လက်ဖြင့်ရိုက်ခြင်း၊ ကန်ခြင်း၊ တံတွေးထွေးခြင်း စသည့်ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ။
- ❖ လူမျိုး (သို့မဟုတ်) လိင် ခွဲခြားမှုဆိုင်ရာမှတ်ချက်များ၊ လိင်ပိုင်းဆိုင်ရာညွှန်းဆိုချက်များ။
- ❖ ကျောင်းဝင်းအတွင်း မိဘတစ်ဦးမှအခြားကျောင်းသားတစ်ဦးအားခြိမ်းခြောက်ခြင်း (သို့မဟုတ်) အခြားမိဘတစ်ဦးအားခြိမ်းခြောက်ခြင်း။
- ❖ လူမှုကွန်ရက်မီဒီယာကိုအသုံးပြု၍ အခြားမိဘများ၊ ကျောင်းသားများနှင့်ကျောင်းဝန်ထမ်းများကို ဆန့်ကျင်ရန်လှုံ့ဆော်ခြင်း။
- ❖ ကျောင်းမှခွင့်ပြုချက်မရှိဘဲ ကျောင်း၏အမည်ကိုအသုံးပြု၍ လူမှုမီဒီယာအုပ်စုများဖန်တီးခြင်း။
- ❖ ကျောင်းဝန်ထမ်းများကို ကျူရှင်သင်ကြားရန်အတွက်ငှားရမ်းခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့်ချဉ်းကပ်ခြင်း။
- ❖ ပြင်းထန်သောကိစ္စများတွင် လူမှုကွန်ရက်နှင့်အခြားဆိုဒ်များကိုအလွဲသုံးစားပြုမှုအတွက် ကျွန်ုပ်တို့သည် တရားဥပဒေဆိုင်ရာလုပ်ဆောင်ချက်များကို စဉ်းစားပါမည်။ ထို့အပြင်လူမှုကွန်ရက်ပေါ်တွင် တစ်ဦးကိုတစ်ဦးရက်စွဲ့စေရန် ကလေးများ (သို့မဟုတ်) မိဘများမှအသုံးပြုခြင်းကို အနိုင်ကျင့်မှုအဖြစ်သတ်မှတ်ပြီး ပြင်းထန်စွာတုံ့ပြန်ပါမည်။ လက်မခံနိုင်သောအပြုအမူများအတွက် ရဲအဖွဲ့ကိုအကြောင်းကြားပါမည်။

အောက်ပါအခြေအနေများတွင် ကျောင်းသည်သက်ဆိုင်ရာပုဂ္ဂိုလ်အား ကျောင်းနှင့်မည်သည့်ဆက်နွယ်မှုမျှမရှိစေရန် ဖယ်ထုတ်ခွင့်ရှိပါသည် -

- ❖ ကျောင်း၏အချိန်နှင့်အရင်းအမြစ်များကို အလဟဿအသုံးပြုခြင်း။
- ❖ ကျောင်း၏ဂုဏ်သိက္ခာကိုထိခိုက်စေခြင်း။
- ❖ ဝန်ထမ်း (သို့မဟုတ်) ကျောင်းသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို အန္တရာယ်ဖြစ်စေခြင်း။